# မော်တော်ယာဉ်ပိုင်ရှင် အမည်ပြောင်းဆောင်ရွက်ခြင်းကိစ္စ

- ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေ (စကလက) အခွန်ကို ၃% သို့ လျှော့ချပေးထားသည့် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ယာဉ် ပိုင်ရှင်တိုင်း မိမိအမည်၊ နေရပ်လိပ်စာ မှန်ကန်စွာ ပြောင်းလဲမှတ်တမ်းတင်နိုင်ရန် အခွင့် အလမ်း ကောင်းတစ်ခုဖြစ်ပါသည်။

- ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသောယာဉ်များသည် ဥပဒေ နှင့်ညီသော၊ စည်းကမ်းစနစ်တကျရှိသော ယာဉ်များဖြစ်စေရေး၊ ယာဉ်ပိုင်ရှင်မှန်ကန်စေရေးနှင့် နေရပ်လိပ်စာမှန်ကန်ရေးသည် အရေးပါသောကဏ္ဍတစ်ရပ်တွင်ပါဝင်နေပါသည်။

❖ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လုပ်ထုံးလုပ်နည်းများအရ လွယ်ကူရှင်းလင်းစွာ ဆောင်ရွက်နိုင်သော်လည်း ပြည်တွင်းအခွန်များဦးစီးဌာနက ဝယ်ယူခွန်ပေးဆောင်ပြီးမှ အမည်ပြောင်းပေးစေလိုခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရက တိုင်းအတွင်းနယ်ဝင်ခွင့်မပြုရန် ညှိနှိုင်းထားခြင်းတို့ကြောင့် ယခုကဲ့သို့ ဆောင်ရွက်နေရခြင်းဖြစ်ပါသည်။

❖ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့မှစတင်၍ ယာဉ်ပိုင်ရှင်အမည်၊ နေရပ်မှန်ကန်မှသာ ယာဉ်မှတ်ပုံတင်သက်တမ်းတိုးလုပ်ငန်းများ ဆောင်ရွက်ပေးပါမည်။ ပြည်တွင်းအခွန်များဦးစီးဌာနတွင် ဝင်ငွေခွန်ပေးဆောင်ပြီး အမည်ပြောင်းရန် ယခုလာရောက်ဆောင်ရွက်လိုပါကလည်း ရုံးအမိန့်၊ ညွှန်ကြားချက်- ၁၂/၁၉ အရ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ဦးစီးမှူးများမှ လက်ခံ စိစစ်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

- ❖ ယာဉ်ပိုင်ရှင်အဖြစ် မှန်ကန်စွာမှတ်တမ်းတင်ထားခြင်းမရှိသူများသည် ပြည်တွင်းအခွန်များ ဦးစီးဌာန၏ ဝင်ငွေခွန်ရှင်းလင်းပြီးပုံစံနှင့် အောက်ပါအထောက်အထားများတင်ပြပါက အမည်ပြောင်းခ (၅၀၀၀ိ/-) ကောက်ခံ၍ဆောင်ရွက်ပေးပါမည် -
  - ❖ ပိုင်ရှင်ကိုယ်တိုင်ဆောင်ရွက်လျှင် နိုင်ငံသားစိစစ်ရေးကတ်(မူရင်း၊ မိတ္တူ)၊ အရောင်းအဝယ် စာချုပ်(မူရင်း၊ မိတ္တူ)
  - ❖ မိသားစုဝင်မှ ကိုယ်စားဆောင်ရွက်လျှင် နိုင်ငံသားစိစစ်ရေးကတ်(မူရင်း၊ မိတ္တူ)၊ အိမ်ထောင်စု စာရင်း (ပုံစံ- ၁၀) (မူရင်း၊ မိတ္တူ)၊ အရောင်းအဝယ်စာချုပ်(မူရင်း၊ မိတ္တူ)၊ လာရောက်ဆောင်ရွက်သူ၏ နိုင်ငံသားစိစစ်ရေးကတ်(မူရင်း၊ မိတ္တူ)၊
- ❖ ပိုင်ရှင်အမည်၊ လိပ်စာမှန်ကန်ရေး အဓိကဆောင်ရွက်ခြင်းဖြစ်၍ ကိုယ်စားလှယ်လွှဲစာ (General Power/ Special power) တို့ဖြင့် ဆောင်ရွက်ခြင်းခွင့်မပြုပါ။
- ❖ ရန်ကုန်မှတ်ပုံတင်ကားကိုဝယ်ယူထားသော ရန်ကုန်နေသူများ အမည်ပြောင်းပါက ပုံမှန်အတိုင်း ရန်ကုန်တိုင်းအတွင်း နယ်ဝင်/ နယ်ထွက် ဆောင်ရွက်ပေးပါမည်။

❖ ရန်ကုန်မှတ်ပုံတင်ကားကိုဝယ်ယူထားသော အခြားတိုင်းဒေသကြီး/ ပြည်နယ်တွင်နေထိုင်သူများ အမည်ပြောင်းပါက ပိုင်ရှင်အမည်၊ နယ်နေရပ်လိပ်စာအတိုင်း ပြောင်းလဲမှတ်တမ်းတင်ပေးပြီး နယ်ဝင်/ နယ်ထွက် ဆောင်ရွက်ပေးပါမည်။ သို့သော် ပိုင်ရှင်က YGN ဒေသ Code ဖြင့် ဆက်လက် ထားရှိလိုလျှင် အမည်၊ လိပ်စာကိုသာ ပြောင်းလဲမှတ်တမ်းတင်ပေးပြီး ဒေသ Code ကို မူလအတိုင်း ဆက်လက်ထားရှိခွင့်ပြုမည်ဖြစ်သောကြောင့် နောင်သက်တမ်းတိုး ဆောင်ရွက်ပါက ယာဉ်မှတ်ပုံတင် ရန်ကုန်ရုံးတွင်သာ ဆက်လက်ဆောင်ရွက်ပေးပါမည်။ ရန်ကုန်တိုင်းဒေသကြီးတွင် နယ်ဝင်ခွင့်ပြု သည့်အချိန်မှာတော့ မူလနေထိုင်ရာနယ်လိပ်စာသို့ အမှန်ပြင်ရပါမည်။

❖ အခြားတိုင်းဒေသကြီး/ ပြည်နယ် မှတ်ပုံတင်ယာဉ်ကို ဝယ်ယူထားသော ရန်ကုန်နေသူများ အမည် ပြောင်းပါက ပိုင်ရှင်အမည်၊ နေရပ်လိပ်စာအမှန်ကို ပြောင်းလဲမှတ်တမ်းတင်ပေးပါမည်။ ယာဉ် ဒေသ Code ဖြင့် ယာဉ်မှတ်ပုံတင်ရုံး၌သာ သက်တမ်းတိုးဆောင်ရွက်ပေးမည်။ (YGN သို့ နယ်ဝင်ခွင့် ပြန်လည်ခွင့်ပြုချိန်တွင် ရန်ကုန်ရုံးသို့ နယ်ဝင်ခွင့်ပြုမည်။)

- တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ ထောက်ခံချက်ဖြင့်တင်သွင်းခဲ့သော ရာသက်ပန် Taxi (AA, BB) ယာဉ်များကို လက်ဝယ်ရှိသူ ယာဉ်ပိုင်ရှင်အမည်၊ လိပ်စာပြောင်းဆောင်ရွက် ပေးပါ မည်။ ယခင်ဒေသ Code ဖြင့် ယခင်မှတ်ပုံတင်ရုံး၌သာ သက်တမ်းတိုးဆောင်ရွက်ပေးပါမည်။
- အမည်ပြောင်းလျှင် ယာဉ်မှတ်ပုံတင်သက်တမ်းရှိပါက ယာဉ်စစ်ဆေးခံရန်မလိုပါ။
- စက်ပြောင်းလဲခြင်း၊ ဆေးရောင်ပြောင်းလဲခြင်းအတွက် သီးသန့်ယာဉ်စစ်ဆေးခံမည့်ယာဉ်များနှင့် ယာဉ်မှန်/ မမှန် စစ်ဆေးမည့်ယာဉ်များကို အမည်ပြောင်းရမည်ဟုသတ်မှတ်မထားဘဲ ယာဉ်စစ်ဆေးပြီး မှန်ကန်၍ အရောင်းအဝယ်ပြုလုပ်သောယာဉ်များသာ အမည်ပြောင်းဆောင်ရွက်ရပါမည်။
- ယာဉ်မှတ်ပုံတင်စာအုပ်တွင် အမည်ပေါက်သူက ယာဉ်ကိုရောင်းချပြီးသော်လည်း အကျိုးအမြတ် (သို့မဟုတ်) ငွေကြေးရယူ၍ အမည်ခံဆောင်ရွက်ပေးလျှင် ယာဉ်နှင့်ပတ်သက်၍ ဖြစ်ပေါ်လာမည့် ပြဿနာများကို စုံစမ်းစစ်ဆေးခြင်း ခံရနိုင်ပါသည်။

❖ ယာဉ်ပိုင်ရှင်ပြောင်းလဲတိုင်း၊ ပိုင်ရှင်လိပ်စာပြောင်းလဲတိုင်း ယာဉ်၏တည်နေရာကို Up to Date မှတ်တမ်းရယူထားခြင်းဖြင့် တရားဥပဒေစိုးမိုးရေး၊ ဥပဒေ၏အစောင့်အရှောက် ရယူနိုင်ရေးတို့အတွက် အထောက်အပံ့ဖြစ်စေပါသောကြောင့် ပြည်သူအများပူးပေါင်းပါဝင်ကူညီကြပါရန် မေတ္တာ ရပ်ခံအပ်ပါသည်။

❖ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ အမည်ပြောင်းလုပ်ငန်းစဉ် ဆောင်ရွက်ရာတွင် အခက်အခဲများရှိပါ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ဦးစီးမှူးများထံ တွေ့ဆုံ၍ အကူအညီ ရယူနိုင်ပါကြောင်းနှင့် မမှန်မကန်ဆောင်ရွက်မှုများရှိပါက တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။